လွင်ဦးကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွင်ဦးကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

လွင်ဦးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃**
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDP | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လွင်ဦးကျေးရွာ
မိုးညှင်းမြို့နယ်

## လွှင်ဦး ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြ ထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ဟိုပင်အင်းတော်ကြီး တောင်တက်ကားလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ကျေးရွာသည် ကုန်းမြေတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ၆၀မှ ၁၀၀ဝန်း ကျင်ရှိပြီး စိုက်ပျိုးရေးအတွက် အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာ၏ အနောက်ဘက် တွင် တောတောင်များ တည်ရှိပြီး အရှေ့ဘက်တွင်(၇)မိုင်ကျေးရွာနှင့် တောင်ဘက်တွင် ဇီးကုန်းကျေး ရွာတည်ရှိသည်။ လယ်ယာမြေများမှာ စပါးနှင့် ပဲများကို အဓိကစိုက်ပျိုးကြသည်။ ကျေးရွာမှာ တောင်ခြေတွင် တည်ရှိသောကြောင့် မိုးသည်းထန်ပြီး ရေများသောအခါ တောင်ကျချောင်းဖြစ်၍ ရေလွှဲ ဆည်မှာပြိုပျက်ပြီး ရေလွှဲဆည်ကို မှီခိုနေသော လယ်ဧက(၇၅)ဧကမှာ ရေအခက်အခဲများရှိကြ သည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျေးရွာ၏ အိမ်ထောင်စုပေါင်း ၃၀ပုံ၄ပုံသာ လယ်ယာမြေများ ပိုင်ဆိုင်ကြပြီး မြေဆီ မြေသြဇာ အသင့်အတင့်ရှိသည်။ တောင်သူအချို့မှာ ရေလွှဲဆည်မတည်ဆောက်နိုင်၍ မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြသည်။ ကျေးရွာရှိ ထွန်ယက်စိုက်ပျိုးနေသော လယ်ဧက(၁၇၂)ဧကရှိပြီး (၇၅)ဧကမှာ ရေလွှဲဆည်မှ ရေများသာ အသုံးပြုနေကြသည်။ ရေလွှဲဆည်သည် မိုးထန်ပြီး ရေကြီးလျှင်ပြိုပျက်ပြီး ရေအခက်အခဲရှိကြသည်။ (၁၇၂)ဧကလုံး စပါးနှင့် ပဲအမျိုးမျိုး စိုက်ပျိုး ကြသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၇၄)စုနှင့်ကျား(၁၇၇)၊ မ(၁၈၆)ဦးဖြင့် လူဦးရေပေါင်း(၃၆၃)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်းရှိပြီး အများစုမှာ ရှမ်းနီလူမျိုးများဖြစ်ကြသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၅%)ခန့်ရှိပြီး လူငယ်များကို နည်းပညာများ ပို့ချသင်ကြားပေးပြီး ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ကျပန်းများဖြစ်ကြသည်။ လယ်ယာပိုင်ဆိုင်သော အိမ်ထောင်စုများမှာ အိမ်ထောင်စုပေါင်း၏ ၃ပုံ၁ပုံမျှတာရှိပြီး အများစုမှာ ကျပန်းလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်နေကြရသည်။ ကျေးရွာ၏ (၃၄%)မှာ အလယ်အလတ်နှင့် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြပြီး ကျပန်း(၆၅%)မှာ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ ဖြစ်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်သူများထက် မြေယာမဲ့အိမ်ထောင်စုများသာ များများပြီး ကိုယ်ပိုင်လုပ်ငန်းများ ရရှိရန်ဆောင်ရွက်နေသော အိမ်ထောင်စုများမှာ များပြားသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့များမှာ မြေပိုင်အိမ်ထောင်စုများထက် များပြားကြသည်။ ကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများမှာ လက်သမား၊ ပန်းရံ စိုက်ပျိုးရေးနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု၏ (၃၀%)မှာ စီမံကိန်းမှ ချေးငွေများကို ချေးယူလုပ်ကိုင်စားသောက်သော်လည်း ဝင်ငွေထွက်ငွေမမျှတမှုနှင့် အကြွေးတင်ရှိမှုမှ တွေ့ရှိရသော အိမ်ထောင်စုများမှာ အကြွေးငွေ ၂၀၀၀၀၀မှ သိန်း၁၀ကျပ်အထိရှိကြသည်။ အိမ်ထောင်စုအားလုံး၏ (၂)အိမ်ထောင်စုမှာ အမျိုးသားဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုများဖြစ်ပြီး အမျိုးသမီးဦးဆောင် အိမ်ထောင်စုမှာ(၆)အိမ်ထောင်စုရှိသည်။ ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်သည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာသားများမှာ ကျန်းမာပြီး အဟာရပြည့်ဝကြသည်။ ရာသီအကူးအပြောင်း ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှော၊ နှာစေးချောင်းဆိုး၊ ငှက်ဖျားနှင့် အခြားရောဂါများလည်း ဖြစ်တတ်ကြသည်။ အချို့အရေးပေါ်လူနာများမှာ အချိန်မှီ ဆေးရုံမရောက်နိုင်သဖြင့် မသေသင့်ပဲ သေကြရသည်။

ကျေးရွာအတွင်း ကျေးလက်ဆေးပေးခန်းနှင့် အချိန်မှီဆေးရုံပြသနိုင်ရန် နာရေးကူညီမှုကားများ လိုအပ်သည်။ ဆေးရုံမှာ ရွာနှင့်(၈)မိုင်ကွာဝေးပြီး သားဖွားမီးယပ်ရှိသော ဆေးခန်းနှင့်(၅)မိုင် အကွာ အဝေးရှိသည်။ ကျေးလက်ဆေးပေးခန်းနှင့် နာရေးကားများလိုအပ်လျက်ရှိသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင် ပညာရေးအဆင့်အတန်းမှာ နိမ့်ကျလျက်ရှိသည်။ ကျေးရွာတွင် မူလတန်း ကျောင်းတည်ရှိပြီး ဆရာ/ဆရာမနှင့် ကျောင်းသား/သူများ မမျှတမှု အခက်အခဲများ အနည်းငယ်ရှိ သည်။ လူငယ်အချို့မှာ အသိပညာအတတ်များနှင့် ပြင်ပစာပေဗဟုသုတ အားနည်းကြသည်။ အသိ ပညာအတတ်ပညာနှင့် ပြင်ပဗဟုသုတများ ရရှိရန် ကျေးရွာစာကြည့်တိုက်များ လိုအပ်သည်။ အသက်မွေးဝမ်းကျောင်းမှာလည်း အားနည်းပြီး အလုပ်အကိုင်အခွင့်အလမ်း အားနည်းလျက်ရှိ သည်။

**(စ) ကျားမဆိုင်ရာဆက်နွှယ်မှု**

ကျေးရွာအတွင်းရှိ ကျား-မကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်တွင် အခွင့်အရေး တန်းတူရှိကြသည်။ ပညာရေးဆိုင်ရာတွင် မိန်းကလေးဦးရေသည် ယောကျ်ားလေးဦးရေထက် များနေသည်။ အခွင့်အရေးမှာ အတူတူပင်ဖြစ်သည်။ နေ့စားလုပ်အားခတွင် အမျိုးသားကပိုရကြ သည်။ အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားလျော့နည်းမှုရှိသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၄)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွါးရေးဆိုင်ရာ (၄)ဖွဲ့တို့ရှိသည်။ နာရေးကူညီမှုအသင်းမှာ ကျေးရွာတွင် ဖွဲ့စည်းထား သော်လည်း ရှိသင့်သည့် ပစ္စည်းများနှင့် ရန်ပုံငွေအားနည်းခြင်းကြောင့် အဖွဲ့အစည်း၏ လှုပ်ရှား ဆောင်ရွက်မှု အားနည်းသည်။ မြန်မာ့အသေးစားချေးငွေအဖွဲ့မှ ငွေစုငွေချေးလုပ်ငန်းကို လည်ပတ် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှု များရှိသော်လည်း နည်းပညာပိုင်းနှင့် ရန်ပုံငွေ အားနည်းခြင်းတို့ကြောင့် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ် ချုပ်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရန် နည်းပညာသင်တန်းများနှင့် ထောက်ပံ့ကြေးများ ရရှိရန် လိုအပ်သည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် ပဲအမျိုးမျိုး စိုက်ပျိုးကြသည်။ စုစုပေါင်း(၁၇၂)ရှိပြီး မိုးစပါးများကို သာ စိုက်ပျိုးကြသည်။ ၁ဧကေပျမ်းမျှနှုန်းမှာ ထွက်သည်။ ပဲများမှာ ၁ဧကေပျမ်းမျှနှုန်းထွက်ရှိသည်။ ရေလွှဲဆည်မှ(၇၅)ဧကရရှိပြီး မိုးရေခံလယ်များလည်း အနည်းငယ်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှာလည်း တောင်သူ များအတွက် ဝန်ဆောင်မှုများ ရရှိကြသည်။ စိုက်ပျိုးမြေဧက စုစုပေါင်း၏တစ်ဝက်မျှမှာ ရေလွှဲဆည်မှ ရေများကိုသာ အဓိကအသုံးပြုနေကြသည်။ ရေလွှဲဆည်မှာ ခိုင်ခံကောင်းမွန်မှု မရှိ၍ တောင်သူအချို့ မှာ ရေအခက်အခဲပြဿနာနှင့် ရင်ဆိုင်နေရသည်။ ကျေးရွာတွင် ကြက်၊ ဝက်မွေးမြူသော အိမ်ထောင် စုများပြားပြီး မြေယာမဲ့ကျပန်း အလုပ်လုပ်ကိုင်သော အိမ်ထောင်စုလည်း များပြားသည်။ တိရိစ္ဆာန် ရောဂါများမှာ အဖြစ်နည်းသော်လည်း ရောဂါဖြစ်ပွားသော တိရိစ္ဆာန်များမှာ သေကြေပျက်စီးကြရ သည်။ တိရိစ္ဆာန်ဆိုင်ရာ ဆေးပစ္စည်းနှင့် နည်းပညာဝန်ဆောင်မှုများ မရှိသောကြောင့်ဖြစ်သည်။ ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း(၂)အိမ်ထောင်စုသာရှိသည်။ ငါးမွေးမြူရန် နေရာကောင်းများ ရှိသော်လည်း မွေးမြူရေးဆိုင်ရာ နည်းပညာများနှင့် ငါးမျိုးစိတ်များ အခက်အခဲရှိသောကြောင့် လုပ်ကိုင်သူဦးရေ နည်းပါးသည်။

## (ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား လုပ်ငန်း၊ ဈေးရောင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ကြသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင် များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုမရှိကြပေ။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော ဦးရေများပြီး ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ် သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများရှိသော်လည်း အသိပညာ အတတ်ပညာ အားနည်းမှုကြောင့် အထိအတွေ့မရှိကြပေ။ သင်တန်းစရိတ်ဧကနှင့် သင်တန်းများကို တက်ရောက် သင်ယူနိုင်ကြသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေပဲ၊ ပဲငပိများ စိုက်ပျိုးရာတွင် အဖျက်ပိုးများနှင့် ကြွက်များ ကျရောက်သဖြင့် ဓာတုဆေးနှင့် ဓာတုမြေသြဇာများ အသုံးပြုမှုများလာခြင်းကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ ကျေးရွာပတ်ဝန်းကျင်တွင်း ရေဆိုးရေအိုင်များရှိပြီး ငှက်ဖျားပိုးအတွက် အားပေး အားမြောက်ရှိပြီး ကျေးရွာသားများပေါင်းစု ဖြေရှင်းဆောင်ရွက်သင့်သည်။ ကျန်းမာရေး

အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်သင့်သည်။ ကျေးရွာသည် တောင်ခြေဒေသတွင်ရှိပြီး သစ်ဝါးများ အသင့်အတင့်ရှိသည်။ သစ်တောထိန်းသိမ်းစိုက်ပျိုးသော အဖွဲ့အစည်းများရှိသော်လည်း အခြားရွာကြီးများမှ သစ်ဝါးခုတ်ယူခြင်းကြောင့် သစ်တောပြုန်းတီးနိုင်သည်။ ၄င်းအဖွဲ့အစည်းများမှ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်သည်။

## (င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးလက်ဦးစီးမှ ဖွဲ့စည်းပေးသော မြစိမ်းရောင် အဖွဲ့ဖွဲ့စည်းပြီး အဖွဲ့ဝင်(၇)ဦးရှိကာ တစ်နှစ်အတိုး နှုန်း၁.၅%ဖြင့် အသင်းဝင်များနှင့် ကျေးရွာသားများကို ငွေထုတ်ချေးပေးသည်။ တချို့အိမ်ထောင်စု မှာ ၄င်းအဖွဲ့အစည်းအပြင် ရွာတွင်းဖွဲ့စည်းထားသော အဖွဲ့များမှ စပါးများကို ခွဲတိုးတင်းတို့ဖြင့် ချေးယူကြရသည်။ ကျေးရွာသားအများစုမှာ ချေးငွေကို အရင်းအနှီး လုပ်ကိုင်ရန်နှင့် ဝမ်းစာဖူလုံမှုအတွက် ချေးယူနေကြပြီး အချို့မှာ ဝမ်းစာမဖူလုံမှုကြောင့် အရင်းအနှီး လုပ်ကိုင်မတတ်နိုင်ပဲ အကြွေးတင်ရှိမှုများ ရှိနေသည်။ ကျေးရွာ၏ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများမှာ အကြွေးများတင် ရှိကြပြီး ကျပ်၂၀၀၀၀၀မှ ကျပ်၁၀၀၀၀၀၀အထိရှိကြသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို ၆၀ ပေ၊ ၃၀ ပေ၊ ၁၅ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံ ရံကာနှင့် အင်္ဂတေ အခင်းကျောင်းဆောင်ရှိသည်။ ကျောင်းဆောင်မှာ(၃)ခန်းဖြစ်၍ ကျောင်းသူ ကျောင်းသားများအတွက်လုံလောက်သော်လည်း ရုံးခန်း၊ နားနေခန်းများမှာ ဆရာ/ဆရာမအတွက် အခက်အခဲရှိနေသည်။ စာမတတ်သူ ရွာသူရွာသား အနည်းငယ်အပြင် ကျန်ရွာသားများမှာ ရေးတတ် ဖတ်တတ်ကြသည်။ ကျေးရွာတွင် မူလတန်းမပြီးဆုံးသူနှင့် (၄)တန်းအောင်ပြီးသူအရေအတွက်များ သည်။ အသိပညာ အတတ်ပညာ ဗဟုသုတနည်း၍ ကျေးရွာစာကြည့်တိုက်များ လိုအပ်နေသည်။ ဆရာမ(၃)ဦး၊ ဆရာ(၂)ဦးရှိပြီး၊ ဆရာ/ဆရာမများ လုံလောက်မှုရှိသော်လည်း ဆရာ/ဆရာမများ အတွက် အဆောင်များ လိုအပ်သည်။ ကျောင်းသားဦးရေ(၃၁)ဦးရှိသည်။ စာသင်ခုံ အချို့မှာ ပျက်စီး နေကြပြီး ဆရာ/ဆရာမစားပွဲများလည်း လိုအပ်မှုများရှိသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ရွာသူ/ရွာသားအများစုမှာ အခက်အခဲများရှိသည်။ ကိုယ်ဝန်ဆောင်များ အရေးပေါ်များမှာ ဆေးရုံဆေးခန်းတို့ အချိန်မှီမရောက် သောကြောင့် စိုးရိမ်မှုများရှိသည်။ ကျန်းမာရေး ဟောပြောပွဲများ ပြုလုပ်ခြင်းမရှိကြပေ။ မြို့နယ်ဆေး ရုံမှာ(၈)မိုင် ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ရှိသော်လည်း အရေးပေါ် လူနာများအတွက် အနီးနားရှိရွာများမှ လူမှုကူညီမှုကားများကို အကူအညီတောင်းကြသော်လည်း အချိန်မှီ ရောက်မလာခြင်းကြောင့် အချို့လူနာများမှာ အသက်မဆုံးရှုံးသင့်ပဲ ဆုံးရှုံးကြသည်။

လူမှုကူညီရေး ကားများလည်း လိုအပ်မှုရှိသည်။ ကျေးရွာတွင် စိမ့်စမ်းချောင်းများရှိသော်လည်း သောက်သုံးရေမှာ အနည်းငယ်လိုအပ်မှုရှိသည်။ ရေတွင်းတုံကင်များနှင့် စိမ့်စမ်းအသုံးပြုသူ အနည်းငယ်ရှိသည်။ ယင်လုံအိမ်သာကို တစ်ရွာလုံး အသုံးပြုကြပြီး အိမ်သာကျင်းများကို အုတ်ဖြင့်ပြုလုပ်နိုင် အိမ်မှာ(၅)အိမ်သာရှိပြီး ကျန်အိမ်ထောင်စုများမှာ ဝါးပတ်ဖြင့်သာ အသုံးပြုကြသည်။ စာသင်ကျောင်း အိမ်သာမှာ လုံလောက်မှုရှိသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပေ။ လူငယ်များ အတွက် မူးယစ်ဆေးအန္တရာယ်မှာ အနည်းငယ်စိုးရိမ်ရဖွယ်ရှိသည်။ ဘာသာရေး၊ လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့တွင် တက်ကြွစွာပါဝင်ကြသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လမ်းတံတား ဆောက်လုပ်ရေးအတွက် ကျောက်သဲများကို ရရှိနိုင်သည်။ မဟာ ဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲသောကြောင့် ထင်းသက်သာသည့်အတွက် သစ်တောပြုန်းတီးမှု အဖြစ်နည်းသည်။ လူငယ်ပညာတတ်များရှိပြီး ကျေးရွာအားလုံး၏၆၅%မှာ အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။ မြို့မှ(၈)မိုင်ခန့်ဝေးသော်လည်း ကတ္တရာလမ်းဖြစ်၍ သွားလာရေးအတွက် လွယ်ကူမှုရှိသည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းဝယ်နိုင်ကြသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

တောင်သူအများစုမှာ ရေလွဲဆည်မှ ရေများကိုသာ အသုံးပြုကြသော်လည်း ဆည်မှာခိုင်ခံ့ ကောင်းမွန်မှုမရှိသောကြောင့် ရေလုံလောက်မှုမရှိပဲ။ ကျေးလက်ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေးမကောင်းက အလုပ်မလုပ်နိုင်၍ စီးပွားရေး ကြတ်တည်းမှုများရှိသည်။ ကျေးရွာတွင် ဝင်ငွေရ လုပ်ငန်းနည်းခြင်း နည်းပညာမကျွမ်းကျင်ခြင်း ကိုယ်ပိုင်လုပ်ငန်းများ မလုပ်နိုင်ခြင်း ကြောင့် ဆင်းရဲအိမ်ထောင်စုများ၏ စီးပွားရေးမှာ အဆင်မပြေမှုများရှိနေသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီး ခြင်း၊ အသက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေ အထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေး များလူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းစေပြီး လူငယ်များ အသိပညာ အတတ် ပညာများ ဖွံ့ဖြိုးလာပြီး မူးယစ်ဆေးအန္တရာယ်မှ ကင်းလွတ်နိုင်စေမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အဖွဲ့အစည်းပြီး ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊ နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ် ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက် ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပြင် အခြားလုပ် ငန်းလုပ်ကိုင်သူများကိုပါ ခွဲဝေချထားပေးမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ပြီးသူများမှ တစ်ဖန်ကျေးရွာတွင်းရှိ လူငယ်လူလတ်များကို နည်းပညာမျှဝေပြီး ကိုယ်ပိုင်လုပ်ငန်းများတွင် လက်တွေ့အသုံးပြုနိုင်အောင် ဆောင်ရွက်မည်။

ခ.၂) ကျွန်ုပ်တို့သည် လမ်းများပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည်။ ရေလှောင်ကန်များ ကျေးလက် ဆေးပေးခန်းများ ကျေးရွာမူးယစ်ဆေးအန္တရာယ်များ စသည့်တို့ကို ထိရောက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် တိုင်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက် အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသ ဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာစာသင်ကျောင်းဆောင်များမှာအနည်းငယ်ဟောင်းနွမ်းနေပြီး၊ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သဖြင့် အရည်အသွေးပိုင်းတွင် အားနည်းမှုရှိသောကြောင့် စံချိန်မီသောစာသင်ကျောင်း ဆောင်တစ်ဆောင်နှင့် အားကစားပစ္စည်းအချို့အား သက်ဆိုင်ရာအစိုးရဌာနများ ဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။

### (ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာအနည်းငယ်ကောင်းမွန်မှုမရှိဘဲ၊ မြေသားလမ်း သာဖြစ်နေပါသည်။ ကျေးရွာတွင်လည်း ကိုယ်ထူကိုယ်ထ လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ထား ကြသဖြင့် လမ်းအဆင့်မြှင့် ပြုပြင်ရန် ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက် လမ်းများအားအဆင့်မြှင့်ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်း ပိုမိုကောင်းမွန် လာခြင်း

ဖြင့်လည်း တစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေး ဖွံ့ဖြိုးမှုအား လွန်စွာအထောက် အကူပြုနိုင်ပေမည်။

### (ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

လွင်ဦးကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ရရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာ ရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

### (င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

လွင်ဦးကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပန်းအဖြစ်လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သော စီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–* ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ

အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ် ရေးတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်း | ၉၂ | ၁ | – ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း။( ပေ ၂၂၀၀)<br>- ရွာချင်းဆက်လမ်းခင်းခြင်း<br>- ရေပြွန် (၂)ခုဆောက် လုပ် ခြင်း။ | ကျေးလက် ဦးစီး |
| *ပညာရေး* | | | | | |
| စာသင်ကျောင်း | ၂။ ကလေးပျော်၍ ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊ | ၇၂ | ၂ | –အရိပ်ရကစားကွင်းနေရာနှင့် ဆီးဆောဒန်း၊ ဘားဒန်း စသည် ဖြင့် စီမံထားရှိခြင်း၊<br>–ပုံစံဝင်သောကျောင်းဆောင် ဆောက်လုပ်ခြင်း၊ | |
| | ၃။ ကျေးလက်စာကြည့်တိုက်မရှိ ခြင်း | ၇၂ | ၃ | - ကော်မတီအဖွဲ့များဖွဲ့စည်းပြီး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ခြင်း | – |

| | | | | |
|---|---|---|---|---|
| **စီမံအုပ်ချုပ်မှု စနစ်** | | | | |
| | ၄။ကျေးရွာအုပ်ချုပ်ရေးမှူးရုံး လိုအပ်ခြင်း | ၆၈ | ၄ | – အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ရန် ရွာသားများပါဝင်လာအောင် စည်း လုံးခြင်း အဖွဲ့အစည်းများဖွဲ့စည်းခြင်း |
| ***စိုက်ပျိုးရေး*** | | | | |
| | ၅။ စိုက်ပျိုးရေမလုံလောက်ခြင်း (ဆည်တည်ဆောက်ပေးရန်) | ၅၄ | ၅ | - ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်တင်ပြနိုင်ခြင်း |
| | ၆။ မူးယစ်ဆေးအန္တရာယ် | ၅၀ | ၆ | – မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း<br>ထိရောက်သောတားဆီးမှုများ ပြုလုပ်ခြင်း<br>ရောင်းဝယ်သူများကို ထိရောက်စွာအရေးယူခြင်း |
| | ၇။စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ရင်းနှီးငွေမလုံလောက်ခြင်း | ၄၀ | ၇ | -လုပ်ငန်းအလိုက်အစုအဖွဲ့များ ခိုင်မာစွာရှိခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ မြစိမ်းရောင်ချေးငွေစီမံကိန်း တင်ပြတောင်းခံနိုင်ခြင်း |
| | ၈။ကျေးလက်ဆေးပေးခန်း မရှိခြင်း | ၃၈ | ၈ | -ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ပြီး လိုအပ်သည့် နည်းပညာနှင့် ရန်ပုံငွေများရရှိနိုင်ရေး ဆောင်ရွက်ခြင်း<br>-အဖွဲ့အစည်းများဖွဲ့စည်းပြီး တက်ကြွစွာ ပါဝင်လုပ်ဆောင်နိုင်ကြခြင်း |

| | | | |
|---|---|---|---|
| ၉။အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း | ၃၅ | ၉ | -မြို့နယ်မှတဆင့် ပြည်ထောင်စုအဆင့်သို့ မူဝါဒဆိုင်ရာပံ့ပိုးရန် တင်ပြတောင်းဆိုခြင်း |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ရွာတွင်းလမ်းနှင့် ရေပြွန်တံတား | ၁ | —— | —— | | | |
| ၂။ စာသင်ကျောင်းပရိဘောဂ | ၂ | —— | —— | | | |
| ၃။ ကျေးလက် စာကြည့်တိုက် | ၃ | | —— | —— | | |
| ၄။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး | ၄ | —— | —— | | | |
| ၅။ ရေလှဲဆည် | ၅ | | —— | | | |
| ၆။ မူးယစ်ဆေးအန္တရာယ် | ၆ | —— | —— | —— | —— | —— |
| ၇။ စိမ့်စမ်းရေသွယ် | ၇ | —— | —— | | | |
| ၈။ မြစိမ်းရောင် | ၈ | —— | | | | |
| ၉။ ကျေးလက်ဆေးပေးခန်း | ၉ | —— | —— | —— | | |
| ၁၀။ အလုပ်အကိုင်ရှားပါးခြင်း | ၁၀ | —— | —— | —— | —— | —— |
| ၁၁။ စိုက်ပျိုးရေးမလုံလောက် | ၁၁ | —— | —— | —— | | |
| ၁၂။ မြေဆီမြေသြဇာ | ၁၂ | —— | —— | —— | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းနှင့် ရေပြွန်တံတား | | | √ | | |
| ၂ | စာသင်ကျောင်းပရိဘောဂ | | √ | | | |
| ၃ | ကျေးလက်စာကြည့်တိုက် | | | √ | | |
| ၄ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံး | | | √ | | |
| ၅ | ရေလှဲဆည် | | | √ | | |
| ၆ | မူးယစ်ဆေးအန္တရာယ် | | | √ | | |
| ၇ | စိမ့်စမ်းရေ | | | √ | | |
| ၈ | မြစိမ်းရောင်စီမံကိန်း | | | √ | | |
| ၉ | ကျေးလက်ဆေးပေးခန်း | | | √ | | |
| ၁၀ | အလုပ်အကိုင် | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက် အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊

- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုတို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤ အကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏%** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၄ | ၂ | ၆ | ၁.၆၅ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၁၂ | ၂၀ | ၃၃ | ၉.၆ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၃ | ၁၉ | ၃၂ | ၈.၈၂ |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၉ | ၁၈ | ၃၇ | ၁၀.၂ |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၃ | ၁၁၃ | ၂၃၆ | ၆၅.၀၁ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၁၃ | ၁၉ | ၅.၂၃ |
| **စုစုပေါင်း လူဦးရေ - ၃၉၃** | | **၁၇၇** | **၁၈၆** | **၃၆၃** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၇၄** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၉၁** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူသည် ၆၅%ရှိပြီး၊ သက်ကြီးရွယ်အိုသည် ၅.၂%သာရှိပါသည်။ နို့စို့အရွယ်ကလေးသည်၂%နှင့် ၅နှစ်အောက်ကျောင်းမနေသေးသည့် ကလေးငယ် ၉%သာရှိပါသည်။ မူလတန်းမှ အလယ်တန်းအထိ ကျောင်းနေအရွယ် ကျောင်းသား/ကျောင်းသူ စုစုပေါင်း၆၉ဦးရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း အိမ်ထောင်စု(၇၄)အိမ်ထောင်စုနှင့် တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေသည် (၅)ဦးနှုန်းရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၂)   အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၈ | | ၃၅ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | | ၄ | ၁ | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆၂ | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | ၇၄ | | ၃၉ | ၁ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။အများစုမှာ ကျပန်း

အလုပ်လုပ်ကိုင်ကြပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းအတွက် ကျားအများဆုံးလုပ်အားခ ၅၀ဝဝကျပ်နှင့် အနည်းဆုံးလုပ်အားခ၃၀ဝဝကျပ်ရှိပြီး၊ မအများဆုံးလုပ်အားခ ၃၀ဝဝကျပ်နှင့် အနည်းဆုံးလုပ်အားခ ၁၅၀ဝကျပ် ထိရရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၇၂ | သင့် | အနည်းအကျဉ်း | ၇၀ဧက/၁၀၂ဧက |
| ယာမြေ /တောင်ယာ | ၂၅ | သင့် | အနည်းအကျဉ်း | ၂၅ဧက |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၂ | သင့် | အနည်းအကျဉ်း | ၂ဧက |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၆ | သင့် | အနည်းအကျဉ်း | ၆ဧက |
| ရွှေ့ပြောင်းတောင်ယာ မြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၂၀၅** | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ရေလွှဲဆည်မြောင်းရှိသော်လည်း မိုးများပြီး ချောင်းရေကြီးလျှင် ပြိုပျက်သွားသည်။ ခိုင်ခံ့ကောင်းမွန်စွာ မတည်ဆောက်နိုင်ခြင်း တောင်ကျချောင်းများဖြစ်ခြင်းကြောင့် ရေလွှဲဆည်မှ လိုအပ်သည့်ရေများ မလုံလောက်ဖြစ်နေသည်။ ခိုင်ခံ့ကောင်းမွန်သည့် တစ်နိုင်တစ်ပိုင်ဆည် တည်ဆောက်နိုင်ရန် လိုအပ်သည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ခာတ်ငွေ့/ရေနံ) | မရှိ | ခက် |
| အခြား ရင်းမြစ်များ | သင့် | လက်လှမ်းမမှီ |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | ခက် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဲ၊ ကျောက်ရရှိနိုင်မှုမှာ အသင့်အတင့်ရှိပြီး လက်လှမ်းမှီမှုမှာ လွယ်ပါသည်။ အခြားရင်းမြစ်များဖြစ်သော ကျွန်းသစ်၊ သံမလန်း၊ စကားဝါးများ ရှားပါးလာပါသည်။ သစ်အလွန်အကျွံခုတ်ခြင်း၊ တောမီးရှို့ခြင်း၊ တောင်ယာခုတ်ခြင်းများကြောင့် အခက်အခဲရှိလာပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များဖြစ်သော တောကြက်၊ ငှက်အမျိုးမျိုးများကို ဖမ်းဆီးသူများလာခြင်းကြောင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ မျိုးသုန်းပျောက်ကွယ်လာပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကနှင့် အထက် | ၅ ဧကအထက် | ၃ဧကအထက် | မရှိ |
| အိမ်အခြေအနေ | ပျဉ်ထောင်ပျဉ်ခင်း | ပျဉ်ခင်း၊ ထရံကာ | သွပ်မိုး၊ ကြမ်းခင်းကာ | သက်ကယ်မိုး၊ ကြမ်းခင်းကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းစက်၊ ကား၊ ဆိုင်ကယ် | လက်တွန်းစက်၊ ဆိုင်ကယ် | ဆိုင်ကယ် | စက်ဘီး |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | TV၊ စလောင်း၊ ဖုန်း၊ ရေခဲသေ တ္တာ | TV၊ စလောင်း၊ ဖုန်း | TV၊ ဖုန်း | ဖုန်း |
| အဓိကစီးပွားရေး လုပ်ငန်း | ဆန်စက်၊ လယ်၊ ဈေးဆိုင် | လယ်၊ ဈေးဆိုင် | ကျပန်း | ကျပန်း |
| အိမ်ထောင်စု - ၇၄ | ၁( ၁%) | ၂၅(၃၄%) | ၂၉(၃၉%) | ၁၉ (၂၇%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စုအဆင့်(၁) သည် အမြေလယ်ယာ၁၀ဧကအထက်၊ အဆင့်(၂) ၅ဧကနှင့် ၁၀ဧကထိ၊ အဆင့်(၃) ၃ဧကအောက်ပိုင်ဆိုင်ကြပါသည်။ အဆင့်(၁)သည် သွပ်မိုး၊ အုတ်တက်၊ အဆင့်(၂)သည် သွပ်မိုး၊ ပျဉ်ထောင်/ပျဉ်ခင်း၊ အဆင့်(၃)သည် သက်ကယ်မိုး၊ ပျဉ်ကာ၊ ဝါးထရံကာနှင့် အဆင့်(၄)သက်ကယ်မိုး၊ ဝါးကြမ်းခင်း၊ ဝါးထရံကာဖြင့် နေထိုင်ကြပါသည်။ အဓိကစီးပွားရေးတွင် အဆင့်(၁)သည် လယ်၊ ဈေးရောင်း၊ ဆန်စက်၊ အဆင့်(၂)သည် လယ်၊ ဈေးရောင်း၊ အဆင့်(၃) လယ်အငှား၊ ကျပန်းနှင့် အဆင့်(၄)သည် ကျပန်း လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၅ လ အထိ | | | |
| ၆လ မှ ၁၂ လ အထိ | ၁၉ | ၂၆ | ကိုယ်ပိုင်လုပ်ငန်းများရရှိနိုင်ရန် |

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ အဆင့်(၃)၏ အိမ်ထောင်စုများမှာ အစိုးရစီမံကိန်းချေးငွေများနှင့် ရင်းနှီးလုပ်ကိုင်စား သောက်သော်လည်း ဝင်ငွေထွက်ငွေ မမျှတမှု ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် တစ်နေ့လုပ်တစ်နေ့စားဖြစ်နေ ကြသည်။ တချို့အိမ်ထောင်စုများမှာ စီးပွားရေးအဆင်ပြေမှုများနှင့် ရင်ဆိုင်နေရသည်။ အဆင့်(၄) အိမ်ထောင်စု များမှာ ချေးငွေချေးယူကြသော် ရင်းနှီးလုပ်ကိုင်နိုင်စွမ်း မရှိဘဲ ဝမ်းစာဖူလုံမှုအတွက်သာ ရုန်းကန်နေကြရသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် | - | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၆)အိမ်ထောင်စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၂)အိမ်ထောင်စုရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ကျန်းမာကြံ့ခိုင်ပြီး လုပ်အားများလုပ်ကိုင်မှု အားနည်းခြင်း။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | မြေရိုင်းများရှိသော်လည်း အရင်းနှီးမရှိခြင်း၊ ကရိယာများ မပြည့်စုံခြင်းကြောင့် တိုးချဲ့ဆောင်ရွက်နိုင်မှု မရှိခြင်း။ |
| ၃ | ရေကြီးခြင်း | လတ် | ရေကြီးမှုများရှိသော်လည်း ကျေးရွာအတွက် တောင်သူများသာ ထိခိုက်ခြင်း။ |
| ၄ | မိုးခေါင်ခြင်း | လတ် | မိုးခေါင်သည့် နှစ်များတွင် သီးနှံအထွက်နှုန်း လျော့နည်းခြင်း။ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ရာသီဥတုဖောက်ပြန်မှု။ |
| ၆ | မုန်တိုင်း | နိမ့် | မရှိခြင်း။ |
| ၇ | လျှော် | နိမ့် | မရှိခြင်း။ |
| ၈ | မီးဘေး | လတ် | နွေရာသီတွင်မီးဘေးအန္တရာယ်ရှိသော်လည်း အဖြစ်နည်းသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | မရှိခြင်း။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | မြေပြိုခြင်းမရှိပေ မြေဆီလွှာ ပျက်စီးမှု အသင့်အတင့်ရှိသည်။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်၊ ဝါး အသုံးပြုမှု အလွန်အကျွံရှိသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | မိုးရာသီတွင် အဖြစ်များခြင်း။ |
| ၁၃ | တီဘီရောဂါ | လတ် | အဖြစ်နည်းသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | အနည်းအကျဉ်းရှိသည်။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိခြင်း။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | အနည်းငယ်ရှိသည်။ အချို့အချိန်မှီမကုသနိုင်သော တိရိစ္ဆာန်များသာ သေဆုံးသွားသည်။ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိခြင်း။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | လတ် | မြို့များနှင့် ဝေးသော်လည်း ကတ္တရာလမ်းဖြစ်၍အထိုက်အလျောက်ကောင်းမွန်သည်။ |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူငယ်လူရွယ်များရှိသော်လည်း အလုပ်အကိုင်ရှားပါးခြင်းကြောင့် အလုပ်လုပ်ရာတွင် ထိခိုက်မှုရှိခြင်း၊ စက်ကရိယာနည်းပါးခြင်းကြောင့် လယ် မြေလွတ်ရိုင်းများတွင် တိုးချဲ့လုပ်ကိုင်နိုင်မှု နည်းပါးခြင်း၊ မိုးခေါင်သည့်နှစ်များတွင် တောင်သူများ သီးနှံအထွက်နှုန်းလျော့နည်းပြီး ထိခိုက်မှုရှိခြင်း၊ သစ်ဝါးအလွန်အကျွံ အသုံးပြုခြင်းကြောင့် သစ်တောပြုန်းတီးခြင်းဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | မူးယစ်ဆေးအန္တရာယ် ရှိသော်လည်း အားကစားလိုက်စားသော လူငယ်များကြောင့် အနည်းငယ် စိုးရိမ်ရသည်။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အထိုက်အလျောက် အဆင်ပြေကြသော်လည်း အလုပ်အကိုင်ရှားပါးခြင်းကြောင့် ထိခိုက်ခြင်း။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | အလုပ်အကိုင် ရှားပါးချိန်တွင် ကျန်းမာရေးစရိတ်၊ ပညာရေးစရိတ် မတက်နိုင်ခြင်းကြောင့် ထိခိုက်ခြင်း။ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | မရှိခြင်း။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | - | မရှိခြင်း။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | ကားလမ်းဘေးတွင် နေထိုင်သော အိမ်ထောင်စု အနည်းငယ်သာ အန္တရာယ်ရှိသည်။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | မရှိခြင်း။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မရှိခြင်း။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | နွေမိုးဆောင်း ရေအသင့်အတင့်ရှိသည်။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အလုပ်အကိုင် ရှားပါးချိန်တွင် ချေးငှား စားသောက်ရခြင်း။ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိခြင်း။ |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင် နေထိုင်သူများ | - | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | |
| ၁၄ | ရွှေတွင်းလုပ်သား | - | |
| ၁၅ | ဆေးစွဲသူများ | လတ် | ရောင်းသူများ ရှိနေသောကြောင့် အနည်းငယ်စိုးရိမ်ရခြင်း။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | - | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | လတ် | လုပ်ကိုင်သူနည်းပါး၍ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်မှုကြောင့် အနည်းငယ်ကောင်းမွန်သည်။ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | - | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂၀ | ကားသမား | လတ် | တရားမဝင် (without)ကားများဖြစ်၍အချိန်မရွေး ဖမ်းဆီးမှုရှိခြင်း။ |
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ လူငယ်များ မူးယစ်ဆေး သုံးစွဲမှုရှိသဖြင့် ထိခိုက်မှုရှိခြင်း၊ အမျိုးသမီးဦးဆောင်၍ မိသားစုများသည် အိမ်ထောင်စုမှာ အလုပ်အကိုင်ရှားပါးချိန်တွင် မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်ရပြီး ထိခိုက်မှုရှိပါသည်။ မြေယာမဲ့ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းအလုပ်သမားများသည် အလုပ်အကိုင် ရှားပါးချိန်တွင် ကျန်းမာရေးစရိတ်၊ ပညာရေးစရိတ်၊ စားစရိတ်အတွက် မတတ်နိုင်ခြင်း၊ တစ်နေ့လုပ်တစ်နေ့စား ဆောင်ရွက်မှုများကြောင့် ထိခိုက်မှုများရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | အပျို/လူပျို | ၁/၃ | ၂၀ | ၁၀ | ၃၀ | ရပ်ရေး/ရွာရေး | ၄ | ၇ |
| ၂ | ကြက်ခြေနီ | ၂ | ၄ | ၃ | ၇ | ကျန်းမာရေး | ၄ | ၇ |
| ၃ | မိခင်နှင့်ကလေး | ၂ | | ၁၀ | ၁၀ | ကလေးငယ် ကျန်းမာရေး | ၄ | ၇ |
| ၄ | မြစိမ်းရောင် | | | | | အရင်းမပျောက် လည်ပတ်ရန်ပုံငွေ | ၄ | ၇ |
| ၅ | အရန်မီးသတ် | | ၄ | | ၄ | မီးဘေးကာကွယ်ရေး | ၄ | ၇ |
| ၆ | | | | | | | | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အပျို/လူပျိုအဖွဲ့၊ ကြက်ခြေနီ၊ မိခင်နှင့် ကလေး၊ အရန်မီးသတ်နှင့် မြစိမ်းရောင် ကော်မတီအဖွဲ့အစည်းများရှိပါသည်။ ကျေးလက်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြစိမ်းရောင်ကော်မတီသည် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ချေးငွေလုပ်ငန်း ဆောင်ရွက်ပြီး သက်သာသော အတိုးနှုန်းဖြင့် ရန်ပုံငွေ ပမာဏတိုးပွားလာကာ ရေရှည်တည်တံ့ခိုင်မြဲသော စီမံကိန်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၂ | ၅၅% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၅ | ၂၀% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၇ | ၂၃% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၀ | ၀% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၇၄** | **၁၀၀%** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များ များပြားကြောင်းတွေ့ရပါသည်။

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | ပုဂ္ဂလိက | ၇၅ဧက | ရာသီအလိုက် | မရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | ပုဂ္ဂလိက | ၇၅ဧက | ရာသီအလိုက် | မရှိ |
| ၈ | အခြား | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ချောင်းရေကိုသာ အဓိကထား သုံးစွဲပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၇၂ | တင်း | ၅၀ | ၁၀၀ | ၇၅ | မိုး | ဆောင်း | လတ် | လတ် | |
| မြေပဲ | ၇၀ | တင်း | ၄၀ | ၈၀ | ၆၀ | ဆောင်း | နွေ | လတ် | လတ် | |
| ပဲငပိ | ၁၀၀ | တင်း | ၂၀ | ၄၀ | ၃၀ | ဆောင်း | နွေ | လတ် | လတ် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စပါးစုစုပေါင်း စိုက်ဧက၁၇၂ဧက၊ မြေပဲစိုက်ဧက၇၀ဧက၊ ပဲပုတ်စိုက်ဧက၁၀၀ဧကအထိ စိုက်ပျိုးကြပါသည်။ တစ်ဧကအများဆုံးစပါး ၁၀၀တင်း အများမြေပဲ ၈၀တင်း၊ အများဆုံးပဲပုတ်၄၀တင်း၊ အနည်းဆုံးစပါး၅၀တင်း၊ အနည်းဆုံးမြေပဲ၄၀တင်း၊ အနည်းဆုံး ပဲပုတ်၂၀တင်း တစ်ဧကပျမ်းမျှမြေပဲ ၆၀တင်း တစ်ဧကပျမ်းမျှ ပဲပုတ်၃၀တင်းထွက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | ၁၂ | | | | | ၁၂ | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | ၁ | | | | | | |
| ခြွေလှေ့စက် | ၂ | | | | | ၂၅ | |
| ရေစုပ်စက် | | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | ၁ | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာသုံးစက်ကရိယာ ထွန်းစက်၁၂စင်းကို အဆင့်(၁) တောင်သူများသာ ပိုင်ဆိုင်ပြီး ထွန်းစက်ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်(၁၂)ဦးရှိပါသည်။ ထို့အပြင်အဆင့်(၁) တောင်သူများသည် ရိတ်သိမ်းစက်(၁)စင်း၊ ခြွေလှေ့စက်(၂)စင်း၊ မြက်ရိတ်စက်(၁)ခု ပိုင်ဆိုင်ကြပြီး ခြွေလှေ့စက်ငှားရမ်းလုပ်ကိုင်နေသော တောင်သူ(၂၅)ဦးရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ) | တောင်သူများသည် လယ်သိမ်းပြီးချိန်တွင် လယ်မြေတွင် မြေပဲ၊ ပဲပုတ်များကို တိုးချဲ့စိုက်ပျိုးနိုင်ပါသည်။ |
| ရေရင်းမြစ် | အချို့မှာ ရေလွဲဆည်မှရရှိသည့် မိုးရေမှသာရရှိသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ | ကောက်ရိုး၊ ပဲပုတ်နှင့် မြေပဲပင်များနှင့် သဘာဝမြေဩဇာရရှိနိုင်ပါသည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | အချို့တစ်ဝက်သာ အသုံးပြုကြသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်၊သမတို့မှရရှိသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | စိုက်ပျိုးရေးဦးစီးဌာနမှလည်း မျိုးမှန်စေရန်၊ စိုက်နည်းမှန်စေရန်အတွက် လာရောက်ဟောပြောပေးပါသည်။ |
| သွင်းအားစုဈေးကွက် | မိုးညှင်း၊ ဟိုပင်မြို့များမှ မျိုး၊ ပိုးသတ်ဆေး၊ မြေဩဇာများဝယ်ယူနိုင်ပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ဟိုပင်နှင့် မိုးညှင်းမြို့များမှ ကုန်သည်များ ကျေးရွာအရောက် စပါး၊ ပဲပုတ်၊ မြေပဲများအား လာရောက်ဝယ်ယူကြပါသည်။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ တောင်သူများသည် လယ်သိမ်းပြီးချိန်တွင် လယ်မြေများ၌ မြေပဲ ပဲပုတ်များကို ဆက်လက်စိုက်ပျိုးနိုင်ကြပါသည်။ အချို့လယ်မြေများသည် ဆည်ရေဖြင့် စိုက်ပျိုးပြီး အချို့လယ်မြေများသည် မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ ဟိုပင်နှင့် မိုးညှင်းမြို့များတွင် ပိုးသတ်ဆေး၊ မြေဩဇာ မျိုးစေ့တို့ကို ပွဲစားများသည် ကျေးရွာရှိစပါး၊ မြေပဲ၊ ပဲပုတ်များကို လာရောက်ဝယ်ယူကြပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေရိုင်းအနည်းငယ်ရှိသော်လည်း ပစ္စည်းကရိယာနည်းပညာ မကြွယ်ဝသဖြင့် တိုးချဲ့ မစိုက်ပျိုးနိုင်ပါ။ |
| မြေဆီဩဇာ အခြေအနေ | နှစ်ထန်းကြာရှည် အသုံးပြုမှုကြောင့် မြေဆီဩဇာအနည်းငယ် ချို့တဲ့နေသည်။ |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ချေးငွေများ ရရှိသော်လည်း အချိန်မှီရရှိခြင်း၊ လုံလောက်သော ချေးငွေမရရှိခြင်း။ |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ချေးငွေအချိန်မှီမရရှိ၍ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ ဝယ်ယူစိုက်ပျိုးမှု နောက်ကျပြီး အထွက်နှုန်းလျော့လာပါသည်။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လုပ်အားကောင်းသော လူငယ်၊ လူလတ်များရှိသော်လည်း နည်းပညာ မကျွမ်းကျင်မှုကြောင့် အခက်အခဲများရှိသည်။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မိုးရေနှင့် ရေလှဲဆည်မှ ရေများရရှိသော်လည်း ဆည်များပြိုပျက်သွားသည့်အခါ အခက်အခဲများရှိသည်။ |
| စိုက်ပျိုးရေမလုံလောက်မှု | ရေလှဲဆည်ရှိသည်။ မိုးခေါင်သည့်နှစ်များတွင် ရေအလုံအလောက်မရနိုင်။ |
| ဖျက်ပိုးနှင့် ရောဂါ | ပဲသီးချိန်တွင် သီးလုံးဖောက်ပိုးများ ကျရောက်တတ်ခြင်း။ |
| ဈေးကွက် လက်လှမ်းမီမှု | ဈေးကွက်နှင့်ဝေးခြင်း၊ ဘဏ်ဆပ်ချိန်များတွင် ရသမျှဈေးဖြင့် ရောင်းချရသည့်အတွက် အမြတ်နည်းပါးခြင်း။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာနည်းပါးခြင်း၊ မိရိုးဖလာ စိုက်ပျိုးရေးဖြင့် စိုက်ပျိုးသဖြင့် အထွက်နှုန်း လျော့နည်းခြင်း။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရန် မြေလွတ်၊ မြေရိုင်းရှိသော်လည်း မြေဆီလွှာပြုပြင်ရန် နည်းလမ်းမသိခြင်း၊ လယ်ယာသုံးစက်ကရိယာများ မပြည့်စုံ၍ တိုးချဲ့မစိုက်ပျိုးနိုင်ပေ။ စိုက်/ဘဏ်နှင့် သမဦးစီး တို့မှ ချေးငွေထုတ်ချေးသော်လည်း ထုတ်ချေးချိန်နောက်ကျမှုရှိခြင်း၊ လုံလောက်သော ချေးငွေပမာဏမရရှိခြင်း တို့ကြောင့် စိုက်ပျိုးချိန်များတွင် အခက်အခဲရှိပါသည်။ လူငယ်လူရွယ်များရှိသော်လည်း စိုက်ပျိုးရေးနည်းပညာ ကျွမ်းကျင်ခြင်း၊ မိရိုးဖလာစိုက်ပျိုးနည်းကိုသာ အသုံးပြုခြင်းကြောင့် သီးနှံအထွက်နှုန်း လျော့နည်းလာပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၃၇ | ၂၀၁ | |
| နို့စားနွား | | | |
| မြင်း | | | |
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၄၉ | ၁၂၀ | |
| ကြက် | ၅၉ | ၆၂၉ | |
| ဘဲ | | | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | ၂ | ၃၀၀၀ | |
| ပုဇွန်ကန် | | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ တောင်သူ(၃၇)သည် လယ်ယာလုပ်ငန်းခိုင်းရန် နွား(၂၀၁)ကောင်မွေးမြူထားကြပါသည်။ (၄၉)အိမ်ထောင်စုသည် ဝက်(၁၂၀)ကောင်၊ (၅၉)အိမ်ထောင်စုသည် ကြက်(၆၂၉)ကောင် တပိုင်တနိုင် မွေးမြူကြပါသည်။ ထို့ပြင်(၂)အိမ်ထောင်စုသည် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ကြပါသည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | လျှောက်ထားဆဲ ကျေးရွာအစုအဖွဲ့ပိုင် သစ်တောမြေနေရာတွင် တိရိစ္ဆာန်များအတွက် စားကျက်မြေလျာထားပါသည်။ |
| ရေရရှိမှု | ဆည်မှ တိရိစ္ဆာန်သောက်သုံးရေရရှိပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ဒေသဝက်မျိုး၊ ကြက်မျိုးများသာ မွေးမြူကြပါသည်။ |
| ချေးငွေ | ချေးငွေဝန်ဆောင်မှုမရှိသေးပါ။ |
| သွင်းအားစုဈေးကွက် | ဝက်စာဖြစ်သော ဖွဲ့၊ ဆန်ကွဲကို ဆန်စက်မှ ဝယ်ယူရရှိပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | တိရိစ္ဆာန်ရောဂါကာကွယ်ရေး သားပိုက်ခြင်းများလုပ်ရန်၊ မွေး/ကုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| ထုတ်ကုန်ရောင်းဝယ်မှု | ကျေးရွာအရောက် ဝက်၊ ကြက်များ ဝယ်ယူကြပါသည်။ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အိမ်ခြံဝင်းများတွင် တစ်ပိုင်တစ်နိုင်ဝက်၊ ကြက်များ မွေးမြူကြပါသည်။ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မရှိပါ။ |
| ထုတ်ကုန်ရောင်းဝယ်မှု | မိုးညှင်းမြို့တွင် ငါးဒိုင်ကြီးများရှိပါသည်။ |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လျှောက်ထားဆဲ ကျေးရွာအစုအဖွဲ့ပိုင် သစ်တောမြေနေရာတွင် တိရိစ္ဆာန်စားကျက်မြေအဖြစ် လျာထားပါသည်။ အိမ်ခြံဝန်းအတွင်း မြေနေရာများတွင် တပိုင်တနိုင် ကြက်၊ ဝက်များကို မွေးမြူကြပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | မရှိပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | နွားများမှာခွာနာလျှာနာ၊ ကြက်နာရောဂါ၊ ဝက်နားရွက်ပြာရောဂါဖြစ် လျှင် မျိုးတုန်းနိုင်ပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | တိရိစ္ဆာန်အစာ၊ ဆေးမျိုးများ ဈေးကြီး၍ စီးပွားဖြစ်မွေးရန် ခက်ခဲပါသည်။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | လက်လှမ်းမှီမှုမရှိပါ။ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | ချောင်းမြောင်းများတွင် အနည်းငယ် လုပ်ကိုင်ကြသည်။ |
| ချေးငွေရရှိနိုင်မှု | မရှိပါ။ |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နွားများမှာခွာနာလျှာနာဖြစ်ခြင်း၊ ကြက်နာရောဂါ၊ ဝက်နားရွက်ပြာရောဂါဖြစ်ပွားတတ်ပြီး မျိုးတုန်းသည့်အထိ ဖြစ်တတ်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ- လက်ကားရောင်းဝယ်ရေး | | | | |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |

| စဥ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၄၂ | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၄၂** | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်များတွင် အငှားလိုက်လုပ်သူများ ကျပန်းလုပ်သမားရှိကြောင်း

လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် လုပ်ငန်းအရေအတွက်၄၂ခုရှိပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အားများရှိခြင်း | နည်းပညာ မကျွမ်းကျင်မှု အရင်းမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း။ |
| အစိုးရဌာန ဈေးကွက်များရှိခြင်း | ဈေးကွက်များကို ၁ကျပ်ခွဲနှုန်း ဈေးယူရပြီး ဈေးကွက်အကန့်အသတ်ရှိပြီး လုံလောက်သော ဈေးကွက်ပမာဏမရှိခြင်း။ |
| | |
| | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လုပ်သားအင်အားများ ရှိသော်လည်း နည်းပညာမကျွမ်းကျင်ခြင်း၊ အရင်းအနှီးမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းများကြောင့် ပြဿနာနှင့် အခက်အခဲများရှိပါသည်။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အလုပ်အကိုင်ရှားပါးခြင်း | လုပ်သားအင်အားများရှိခြင်း၊ လယ်သိမ်းပြီးချိန်တွင် အလုပ်မရှိ၍ စားဝတ်နေရေးအတွက် ရပ်တည်နိုင်ရန် အခက်အခဲသာရှိခြင်း။ |
| အရင်းအနှီးမရှိခြင်း | လုံလောက်သော ဈေးကွက်ထုတ်ဈေးမည့်သူ/ ထုတ်ဈေးမည့်နေရာ/ ထုတ်ဈေးမည့် အဖွဲ့အစည်းမရှိခြင်း။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စီးပွားရေးလုပ်ငန်းလုပ်ရန် ဈေးကွက်ပမာဏ ထုတ်ဈေးမည့်သူ/ ထုတ်ဈေးမည့်နေရာ/ ထုတ်ဈေးမည့် အဖွဲ့အစည်းမရှိ၍ အရင်းအနှီးရရှိရန် အခက်အခဲရှိပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု | လူဦးရေ | ပြည်တွင်း | ပြည်ပ |
|---|---|---|---|---|---|

